သူနာပြုတက္ကသိုလ်(ရန်ကုန်) နှင့် သူနာပြုကဏ္ဍဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းကောက်နုတ်ချက်

ရန်ကုန်မြို့ **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်**

- ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားသော၊ ကျင့်ဝတ်စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်သော၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် တာဝန်ကျေပွန်စွာဆောင်ရွက်တတ်သော၊ ရေရှည်ကောင်းကျိုးကို မျှော်တွေးဆောင်ရွက်တတ်သော သူနာပြုများမွေးထုတ်ပေးနိုင်ရေးအတွက် သူနာပြုတက္ကသိုလ်များရဲ့ အခန်းကဏ္ဍသည် အထူးအရေးကြီးပါတယ်။
- ယခုဆွေးနွေးပွဲဟာ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် သူနာပြုကဏ္ဍတစ်ခုလုံး ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ တက္ကသိုလ်၏ ပုံရိပ်ပိုမိုမြင့်မားစေရန်၊ တက္ကသိုလ်ရဲ့ ရှေ့လုပ်ငန်းစဉ်နှင့် လမ်းပြမြေပုံများ ရေးဆွဲချမှတ်သွားနိုင်ဖို့အတွက် ဆရာ/ဆရာမများ အပါအဝင် ဘက်ပေါင်းစုံမှ အကြံပြုချက်များ ရယူသွားမှာဖြစ်ပါတယ်။
- လူနာတစ်ဦးအား ကုသမှုပေးရာတွင် ရောဂါရှာဖွေစမ်းသပ်မှု၊ ဓာတ်မှန်၊ ဓာတ်ခွဲစမ်းသပ်မှု၊ ကုသမှု၊ သူနာပြုစုမှု စသဖြင့် ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များ အားလုံးဝိုင်းဝန်း ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။
- ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာမှာ သူနာပြုများရဲ့ အခန်းကဏ္ဍဟာ ဆရာဝန်များ၊ ဆေးနှီးနွှယ်ပညာရှင်များနှင့် ထပ်တူအရေးကြီးပါတယ်။
- ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များအနေနဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှုဟာ အရေးကြီးပါတယ်။
- လူနာတစ်ဦး ဆေးရုံတက်ရောက်ကုသစဉ် အခြားကူးစက်တတ်တဲ့ ရောဂါပိုးများ ဝင်ရောက်ခြင်းမရှိစေရန်၊ ရောဂါရဲ့ နောက်ဆက်တွဲကျန်းမာရေးပြဿနာများ နည်းပါးစေရန်နဲ့ ကုသမှုခံယူရသည့်ကာလ ကြာမြင့်မှုမရှိဘဲ စောစီးစွာသက်သာစေရန်တို့အတွက် သူနာပြုများရဲ့ စွမ်းဆောင်ရည်ကောင်းများသည် အရေးကြီးပါတယ်။

- သူနာပြုနှင့်သားဖွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များမှာ သူနာပြုနှင့်သားဖွားဆရာမများမှ တက်ကြွစွာလုပ်ဆောင်လျက်ရှိတာကိုလည်း ကျေးဇူးတင်ရှိပါတယ်။
- ထပ်မံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များကို သူနာပြုနှင့်သားဖွားဆရာမများအနေနဲ့ ဆက်လက်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပြီး ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။
- သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ သန့်ရှင်းသပ်ရပ်မှု၊ စနစ်တကျပြုပြင် ထိန်းသိမ်းထားရှိမှုတို့ဟာ ကောင်းမွန်ပါတယ်။
- ဝန်ကြီးဌာနအနေနဲ့ သူနာပြုနှင့်သားဖွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာထူးအခွင့်အလမ်းတိုးတက်ရေးတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပြီး သူနာပြု၊ သားဖွားဒီပလိုမာသင်တန်း၊ အထူးပြုသူနာပြု ဒီပလိုမာသင်တန်း၊ သူနာပြုသိပ္ပံ(ပေါင်းကူး) Off–Campus Program ၊ သူနာပြုသိပ္ပံ (ပေါင်းကူး) On–Campus Program ၊ သူနာပြုသိပ္ပံသင်တန်းတို့ဖြင့် သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်။
- ဝန်ကြီးဌာနအနေနဲ့ သူနာပြု၊ သားဖွားဒီပလိုမာသင်တန်းများမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် သူနာပြု (၁,၆၆၅)ဦး၊ ၂၀၂၀ ခုနှစ်၊ မေလတွင် (၈၇၇)ဦး၊ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် (၁,၇၈၆)ဦးနှင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် (၃,၄၅၂)ဦးနဲ့ သူနာပြုသိပ္ပံသင်တန်းများမှ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူနာပြု (၃၀၇)ဦးနှင့် ၂၀၂၁ ခုနှစ်တွင် (၂၉၃)ဦးကို သင်ကြားမွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။
- သင်ရိုးညွှန်းတမ်းများကိုလည်း ခေတ်နှင့်အညီဆီလျော်မှုရှိစေရေး လိုအပ်သလို မွမ်းမံပြင်ဆင်ရေးဆွဲသွားရမှာဖြစ်ပါတယ်။
- သင်ကြားသင်ယူမှု နည်းစနစ်များကိုလည်း သင်တန်းသူ၊ သင်တန်းသားများ ကိုယ်တိုင်ပါဝင်ဆွေးနွေးသည့်ပုံစံ၊ အပြန်အလှန်ဆွေးနွေးမှုပုံစံနဲ့ ပိုမိုဆောင်ရွက်စေလိုပါတယ်။
- ဆေးနှင့်ဆေးနှီးနွယ်ပညာရှင်များမှာ ကျင့်ဝတ်များ လိုက်နာကျင့်သုံးမှုသည် အထူးအရေးကြီးပါတယ်။ ပညာရပ်ပိုင်းဆိုင်ရာ မည်မျှထူးချွန်စေကာမူ ကျင့်ဝတ်များကိုလိုက်နာခြင်းမရှိပါက ပညာရှင်ကောင်းတစ်ဦး မဖြစ်နိုင်ပါဘူး။
- ကျင့်ဝတ်ပိုင်းဆိုင်ရာများသင်ကြားရာမှာလည်း အကြောင်းအရာကိစ္စရပ်တစ်ခုကို ဝိုင်းဝန်းဆွေးနွေးသည့်ပုံစံနှင့် ဖြစ်စဉ်ဖြစ်ရပ် (case scenario) တစ်ခုကို အခြေတည်၍ သုံးသပ်ဆွေးနွေး

သည့်ပုံစံများနဲ့ ဆောင်ရွက်စေလိုပါတယ်။ ဒီလိုဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာသင်ကြားမှုများ ပိုမိုထိရောက်စေနိုင်မှာဖြစ်ပါတယ်။

- နေ့လယ်စာစားချိန် ဆွေးနွေးဟောပြောပွဲများကိုလည်း ပုံမှန်ဆောင်ရွက်သွားစေလိုပါတယ်။
- နိုင်ငံတကာမှ ပညာရှင်များကို ဧည့်ပါမောက္ခများအဖြစ် ဖိတ်ခေါ်၍ သင်ကြားသင်ယူမှုများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။
- သူနာပြုတက္ကသိုလ်များအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ KOFIH အဖွဲ့၊ KOICA အဖွဲ့တို့နှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်စေလိုပါတယ်။
- တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် နောက်ဆုံးနှစ်ကျောင်းသားများ စုပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဆွေးနွေးဖလှယ်ပွဲများ ပြုလုပ်ခြင်းနဲ့ အတွေ့အကြုံမြင့်မားသည့် သူနာပြုဆရာ၊ ဆရာမကြီးများမှ မိမိတို့ရဲ့အတွေ့အကြုံများ မျှဝေဆွေးနွေးခြင်း (sharing of experience) တို့ကိုလည်း ဆောင်ရွက်သွားစေလိုပါတယ်။
- ဝန်ကြီးဌာနအနေနဲ့ သူနာပြုတက္ကသိုလ်များတွင် သင်ကြားမှုအထောက်အကူပြုသောပတ်ဝန်းကျင် (enabling teaching environment) များ၊ အထောက်အကူပြုပစ္စည်းများ ပြည့်ဝမှုရှိစေရန် အတွက် ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- သူနာပြုတက္ကသိုလ်များမှာ စာသင်ဆောင်၊ စာကြည့်တိုက်၊ စာအုပ်စာတမ်း စသဖြင့် အဘက်ဘက်မှ ကောင်းမွန်ပြည့်စုံစေရေးကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။
- သူနာပြုတက္ကသိုလ်များမှ တာဝန်ရှိသူများအနေနဲ့ အဖွဲ့ငယ်များဖွဲ့ပြီး သူနာပြုတက္ကသိုလ်များ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အကြံပြုဆွေးနွေးမှုများ ပြုလုပ်စေလိုပါတယ်။ ဒီလိုဆွေးနွေးရာမှ ထွက်ပေါ်လာမယ့် အကြံပြုချက်များကို ဝန်ကြီးဌာနမှ အလေးအနက်ထား စဉ်းစားကာ ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- ဝန်ကြီးဌာနမှ သုတေသနပြုလုပ်ရန် ဘဏ္ဍာငွေများ တိုးမြှင့်ချထားပေးလျက်ရှိပြီး ပညာရပ်ပိုင်း၊ သင်ကြားသင်ယူမှု၊ တစ်ဦးတစ်ယောက်ချင်းရဲ့ အသိပညာနှင့် သူနာပြုကဏ္ဍကြီး တစ်ခုလုံး ဘက်စုံပိုမိုတိုးတက်စေရေးအတွက် အသုံးချသုတေသနများကိုလည်း ဆောင်ရွက်သွားစေလိုပါတယ်။

- သူနာပြုတက္ကသိုလ်(ရန်ကုန်)နဲ့ သူနာပြုတက္ကသိုလ်(မန္တလေး)တို့မှာ ဝန်ကြီးဌာနရှိ ဦးစီးဌာန အသီးသီးမှ ပညာရှင်များပါဝင်သော သုတေသနယူနစ် (research unit) များကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- အထူးပြုသူနာပြုသင်တန်းများဆောင်ရွက်နေမှုကိုလည်း ဘက်စုံခြုံငုံသုံးသပ်မှုများ ပြုလုပ်ပြီး လက်ရှိသင်တန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးနှင့် အထူးပြုသူနာပြုသင်တန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားစေလိုပါတယ်။
- အထူးပြုသူနာပြုများအနေနဲ့ သက်ဆိုင်ရာ အထူးပြုဘာသာရပ်အလိုက် ကိုက်ညီသည့် ကုသဆောင်/ဌာနများတွင် တာဝန်ထမ်းဆောင်နိုင်ရေးကိုလည်း ဘက်စုံခြုံငုံသုံးသပ်မှုများ ပြုလုပ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- သူနာပြုများ လုပ်ငန်းခွင်မှာ ဆောင်ရွက်နေရတဲ့ လုပ်ငန်းတာဝန်များမှာ အထူးများပြားကာ အလုပ်ဝန်ပိလျက်ရှတဲ့အတွက် သူနာပြုများရဲ့ လက်ရှိဆောင်ရွက်နေရတဲ့ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို အသုံးချသုတေသနပြုလုပ်ကာ ဆန်းစစ်မှုများပြုလုပ်ပြီး သင့်တော်မှန်ကန်သည့် လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို စနစ်တကျသတ်မှတ်ထားရှိရမှာဖြစ်ပါတယ်။
- သူနာပြုများကို အထောက်အကူပြု ကူညီပေးနိုင်ရန်အတွက် အကူသူနာပြုများကိုလည်း မွေးထုတ်ပေးနိုင်ရန်အတွက် သင်တန်းများ ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။
- ဆေးရုံများမှာ သူနာပြုများ အလုပ်တာဝန်ထမ်းဆောင်ချိန်တွင် လွယ်ကူချောမွေ့စေရေးနှင့် သက်တောင့်သက်သာနားနေရန် အခန်းနေရာများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။
- သူနာပြုတက္ကသိုလ်များမှ ဆရာ၊ ဆရာမများရဲ့ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကောင်းမွန်မှုရှိမှသာ တက္ကသိုလ်များမှမွေးထုတ်တဲ့ သူနာပြုများ အရည်အသွေးကောင်းမွန်မှာဖြစ်တဲ့အတွက် ဆရာ၊ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ သူနာပြုများအတွက် မည်သည့်မွမ်းမံသင်ကြားမှုများ လိုအပ်တာကို ဝိုင်းဝန်းဆွေးနွေးသတ်မှတ်ကာ လေ့ကျင့်သင်ကြားသွားကြရမှာ ဖြစ်ပါတယ်။
- လိုင်စင်ရသူနာပြု (registered nurse) များရဲ့ နာမည်ရင်ထိုးတံဆိပ်တွင် (RN) အမှတ်အသား ထည့်သွင်းနိုင်ရေး ဆန်းစစ်သုံးသပ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

- ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာမှ ပညာသင်ဆုများကို အင်တာနက် (online) မှတစ်ဆင့် လျှောက်ထားခြင်းကိုလည်း ခွင့်ပြုထားရှိပါတယ်။
- သူနာပြုတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ အင်္ဂလိပ်ဘာသာ ပိုမိုကျွမ်းကျင်စေရေးအတွက် TED Talks မှ ရုပ်သံများကို ကြည့်ရှုလေ့လာကြစေလိုပါတယ်။
- ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များ ရေးဆွဲရာမှာလည်း သူနာပြုတက္ကသိုလ် ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာလုပ်ငန်းများကို ထည့်သွင်းရေးဆွဲသွားရမှာဖြစ်ပါတယ်။
- ယခုဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေနဲ့ သူနာပြုကဏ္ဍကြီးတစ်ခုလုံးဘက်စုံ ပိုမို တိုးတက်ဖွံ့ဖြိုးစေရေးကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း အကြံပြုကြစေလိုပါတယ်။
- သူနာပြုများရဲ့ အရည်အသွေးပြည့်ဝစွာ သင်ကြားသင်ယူနိုင်မှု၊ စဉ်ဆက်မပြတ်သူနာပြုပညာ သင်ကြားနိုင်မှု၊ အထူးပြုသူနာပြုများအနေနဲ့ ကိုက်ညီတဲ့နေရာဌာနမှာ တာဝန်ထမ်းဆောင်နိုင် မှုနှင့် ရာထူးအခွင့်အလမ်းတို့ အပါအဝင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ် (မန္တလေး)၊ သူနာပြုသားဖွားသင်တန်းကျောင်းများနှင့် သူနာပြုကဏ္ဍကြီးတစ်ခုလုံး ဘက်စုံပိုမို တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ဆွေးနွေးပွဲတက်ရောက်သူများစာရင်း -

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်
- သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်
- ဒုတိယညွှန်ကြားရေးမှူးချုပ်(သင်ကြားရေး)
- သူနာပြုတက္ကသိုလ်မှ ဆရာ/ဆရာမများ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)